
ဘာသာပြန်စာရေးဆရာ – May Phyo
ကမ္ဘာပျက်ကပ်တွင်
အဆိပ်ပြင်းသော မားမားနှင့် မွန်းစတားဘေဘီ
(ရှောင်ချင်း)
(Chapter 31 - 45)
(တစဥ် – ၃)

## အပိုင်း ၃၁
## ငါ့ဝမ်းကွဲ

အားဒိုင် ရှူံးနိမ့်မှုများနှင့် မတ်တပ်ရပ်နေဆဲ။ ဘာလို့ ရှောင်ချင်း ရုတ်တရက် ဒေါသထွက်ရသလဲ သူ မသိ။ သို့ပေမဲ့ ရှောင်ချင်း ထွက်သွားတာကိုကြည့်ရင်း သူလည်းမတက်နိုင်ပဲ အနောက်ကလိုက်လာခဲ့တယ်။ ရှောင်ချင်း ချက်ချင်းအနောက်လှည့်ကြည့်ပြီး မျက်မှောင်ကြုံ့ကာ "သွား။ ငါ့နောက် မလိုက်နဲ့ "

အားဒိုင်ရဲ့ ခြေလှမ်းရပ်သွားကာ သနားစဖွယ်မတ်တပ်ရပ်နေ၏။ ရှောင်ချင်း သူ့ဆီက ဖြေးဖြေးချင်းထွက်ခွာသွားတာကိုစောင့်ကြည့်ရင်း ပျော့ပျောင်းသည့် အသံ ဖြင့် ညီးတွားတယ်။ ရှောင်ချင်း သူမရဲ့ နှလုံးသား သံနဲ့လုပ်ထားတယ်လို့ ကိုယ်ကိုကိုယ် အမြဲတမ်း ယုံကြည်ထားတယ် ဒါပေမဲ့ ခြေထောက်မပြီးဆက်မလျှောက်နိုင်တော့ ပေ။

ရုတ်တရက် အားဒိုင်ကိုကောင်းကောင်းမွန်မွန်ဆက်ဆံတာဟာ ကောင်းမွန်တဲ့အပြုအမူကြောင့်လား ဒါမှမဟုတ် တကယ်ပဲ အားဒိုင်ကို ထိခိုက်စေမိပြီလား မေးခွန်းပြန်ထုတ်မိတယ်။ အဆုံးမှာ အားဒိုင်ရဲ့ ကူရာမဲ့နေပြီး မတ်တပ်ရပ်နေတာကိုမတက်နိုင်ပဲ လှည့်ကြည့်လိုက်သည်။

အဝတ်အစားများစုတ်ပြဲနေပြီး ဖုန်မှုန့်များဖုံးနေ၏။

အားဒိုင်ဘာလို့ တိတ်တဆိတ်လိုက်လာသလဲ အကြမ်းဖျင်းခန့်မှန်းမိတယ်။ သူမ တွေးလေလေ ပိုဝမ်းနည်းလာတယ်။ အားဒိုင်ကဘာမှနားမလည်သည့် ဇွန်ဘီတကောင်ဖြစ်ရင်တောင် သူမ ဆုံးဖြတ်ချက်ဟာ အားဒိုင်ကိုထိခိုက်စေပြီလို့ ခံစားရတယ်။

ဇွန်ဘီမှာကော နှလုံးသားရှိလား? ခံစားချက်ရှိသလား? ရှောင်ချင်းမသိပေမဲ့ အားဒိုင်မှာတော့ သေချာပေါက် ရှိတယ်။

အတော်ကြာ တုန့်ဆိုင်းနေ၏။ နောက်ဆုံးတော့ သက်ပြင်းချပြီး ပြန်လှည့်ကြည့်ကာ "လိုက်ခဲ့။ ငါပြောသမျှ နားထောင်ရမယ်။"

မူလအော် ညီးတွားနေသည့် အားဒိုင် ရုတ်တရက် ပစ်လိုက်သည့်မြှားလိုမျိုး ရှောင်ချင်းကိုပွေ့ဖက်တယ်။

ရှောင်ချင်း ရယ်ရမလား ငိုရမလား မသိတော့ အားဒိုင်ကိုဖမ်းပြီး သက်ပြင်းချကာ "နင်ဇွန်ဘီဆိုတာ သိလို့မရဘူး။ နင်က ဟက်စကီးနဲ့ပိုတူတယ်။ တုံးအတယ်။ ရူးကြောင်ကြောင်နဲ့ အရမ်းတွယ်ကပ်လွန်းတယ်။ ချက်ချင်း ထိုင်"

ရှောင်ချင်း စိတ်ပြောင်းမှာ စိုးတာကြောင့်ထင်သည်။ အားဒိုင် အလျင်စလို

ရှောင်ချင်း အရှေ့ထိုင်ချတယ်။ သူမ အနောက်မှ လိုက်လာပြီး ချစ်ဖို့ကောင်းတဲ့ ပုံစံမျိုး ရှိနေတယ်.

"ပြောင်းလဲသွားတာပဲ" ရှောင်ချင်း သက်ပြင်းချပြီး သဘောကျစွာ လျို ဆီ ဆွဲခေါ် သွားတယ်။ လျိုနဲ့ ရေလှောင်ကန် ချိတ်ဆက်ထားပြီး ရေသိပ်မတိမ်ပေ။ အားဒိုင် ကိုယ်တုံးလုံးဖြစ်တဲ့အထိ အဝတ်အစားချွတ်ပြီး ရေထဲ တွန်းချလိုက်တယ်။ သူမ ခေါင်းဖျားမှ ခြေထောက်အထိ သေချာ ဆေးကြောပေးတယ်။

ရှောင်ချင်း သူ့ကို ထပ်စွန့်ပစ်မှာစိုးလို့ထင်တယ် ရေထဲ ကျသွားပေမဲ့ အရမ်းနာခံနေပြီးရှောင်ချင်းနဲ့အတူ ပူးပေါင်းတယ်။

အားဒိုင်ကို သန့်ရှင်းပေးပြီးနောက် အားဒိုင်အတွက် သန့်ရှင်းနေသေးတဲ့ မိန်းမ အဝတ်အစား တချို့ဝတ်ပေးလိုက်တယ်။ . သိပ်မဆိုးဘူး။ ရှောင်ချင်းရဲ့ သိုလှောင်အိတ်ထဲ မိန်းမဝတ်နှင့်ကလေး ဝတ် အဝတ်အစားပဲ ရှိသည်လေ။

မိန်းမ ဝတ်အဝတ်အစားဆိုပေမဲ့ မိန်းမ မကျ ယောကျာ်းမကျ အဝတ်အစားများဖြစ်တယ်။ အားဒိုင် ရဲ့ မျက်နှာ အသွင်အပြင်နဲ့ဆိုရင် သိမ်မွေ့ လှပပြီး သန့်စင် သည့် အလှလေးလို့ခေါ် လို့တောင် ရတယ်။ အခုရှုပ်ထွေးနေသည့် ဆံပင်ကို လျော်ေပေးလိုက်ပြီးနောက်မိန်းမ ဝတ် အဝတ်အစားကို နာနာခံခံ သဘောတူဝတ်ပြီး ဘာမှ သိပ်ထူးထူးခြားခြားမ

ဖြစ်သွားပုံမပေါ်ဘူး။

ရောင်ချင်း အားဒိုင်ရဲ့ စိုရွှဲနေသည့် ဆံပင်ကိုပွတ်သပ်လိုက်တော့ နှစ်လို ဖွယ်ဆံပင်တိုတို ချက်ချင်း ရှုပ်ပွသွား၏ ။ အားဒိုင် ကိုယ်ပေါ် အနက်ရောင် အင်္ကျီတစ်ထည် ထုတ်ပြီး ပုခုံပေါ် ခြုံပေးလိုက်သည်။

"အခြားသူတွေရှေ့ ဒါကိုမဖယ်နဲ့ နားလည်လား?"

အားဒိုင် စိတ်အားထက်သန်စွာခေါင်းညိတ်ပြတော့ ရောင်ချင်း သူ့ကိုဆွဲ ခေါ် လာတယ်။ သူတို့ ပြန်ရောက်တော့ ဇွန်ဘီ လှိုင်းလုံး တဖြေးဖြေးပြန့်ကျဲ စပြုနေပြီ။ အားဒိုင်ကို ခေါ် ပြီး တခြားသူများပုန်းနေသည့်နေရာဆီ ပြန်လာ တယ်။

နံရံကျော်တက်ပြီးဝင်ချိန် တခြားသူများ ရောင်ချင်းကိုမြင်ပြီး သက်သာရာ ရသွားကြတယ်။ ကုပန်ပန် ရင်ဘတ်ပုတ်ပြီး "ချင်းကျဲကျဲ ကျွန်မကို လန့် အောင် အရမ်းလုပ်တယ်! အစ်မ ထွက်သွားရင်လည်း ပြောခဲ့လေ။ အပြင် ဘက်မှာ ဇွန်ဘီတွေအများကြီးပဲ သူတို့ကို တချက်ကြည့်လိုက်တာနဲ့ ကျွန်မ ခန္ဓာကိုယ် ထုံကျင်သွားတာ ကံကောင်းတာ ာ အစ်မ လုံလုံခြုံခြုံ ပြန်လာလို့ ..နေပါဦး သူက ?"

ကုပန်ပန် ၏ အကြည့် တဖက်ခြမ်း၌ မတ်တပ်နေသည့် ကြည့်ကောင်းတဲ့ အားဒိုင်အပေါ် ကျရောက်လာတယ်။ သန့်ရှင်းပြီး အဝတ်အစားလဲထား

တော့ တစ်ယောက်ယောက် သေချာမကြည့်ရင် ကြည့်ကောင်းလှပတဲ့ မိန်းမပျိုလေးနဲ့တူတယ်။

"ငါ့ ဝမ်းကွဲ။ အနေတာ။ ငယ်ငယ်က အဖျားကြီးချိန် ဆေးရုံက ဟော်မုန်းထိုးဆေးတွေပေးတယ်။ နောက်တော့ အသံ ပျောက်သွားပြီး နည်းနည်း ရူးကြောင်ကြောင် သွားတယ်။ငါ သွားကြည့်တော့ သူ့ကို ကားထဲ တွေ့ရတာပဲ "' ရှောင်ချင်း ဖိအားမရှိပဲ မုသား စကားစတင်ပြောဆိုတယ်။

"ငါ့ ဝမ်းကွဲက သူ့မိသားစုရှိတဲ့ J မြို့ လိုက်သွားတာ ။ကမ္ဘာပျက်စတင်တော့ ငါတို့ အဆက်အသွယ်မရှိတော့ဘူး။ ဒီမှာ တွေ့လိမ့်မယ်လို့ ဘယ်သူထင်မှာပဲ။"

"ဒါတော့ ဒါ အစ်မရဲ့ ယောင်တိ ပေါ့။ ကျွန်မက ယောင်မိန်း ထင်နေတာ" ကုပန်ပန်လက် ဆန့်ထုတ်ပြီး "တွေ့ရတာဝမ်းသာပါတယ်။ ယောင်တိ။ ငါ့ နာမည် ကုပန်ပန်"

[TN: ယောင်တိ_ ဝမ်းကွဲ (အမျိုးသား) ၊ယောင်မိန်း_ ဝမ်းကွဲ(မိန်းကလေး) ]

အားဒိုင် တိတ်တဆိတ် ရှောင်ချင်း ကို ခိုးကြည့်ပြီးနောက်သူ့လက်သည်းကို ကြည့်လိုက်သည်။ သူ့မီးခိုးရောင်လက်သည်းက ထင်ရှားလွန်းတယ်။

လက်ကို မြန်မြန်ထုတ်ပြီး တင်းတင်းကျပ်ကျပ်လက်ဆွဲနှုတ်ဆက်ပြီးနောက် လက်ကို ချက်ချင်းပြန်ရုတ်လိုက်သည်။

"ကျဲကျဲ ရဲ့ ဝမ်းကွဲ က တကယ်ရုက်တက်တာပဲ" ကုပန်ပန်အားဒိုင်ကို ကြည့်ပြီး ချောင်းတချက်ဆိုးကာ "ဒါပေမဲ့ ဘာလို့ ဆန့်ကျင်ဘက် (မိန်းမ) အဝတ်အစားတွေ ဝတ်ထားတာလဲ?"

"သူ့အဝတ်အစားတွေ စုတ်ပဲနေပြီ ငါ ဟာ ဝတ်ထားဖို့ ပေးလိုက်တာ" ရှောင်ချင်း လက်သီးတင်းတင်းဆုပ်ပြီး ယုံကြည်ချက်မရှိ စွာ ဆိုတယ်။

ကံကောင်းတာက ရှောင်ပေါင်းဇီ ရန်ဟန်ချင်း ပွေ့ဖက်မှုအောက် ကနေ ရုန်းကန်ပြီး အားဒိုင် ဆီ လက်ဆန့်ဆန်းတယ်။

အားဒိုင် တခါတည်း ရှောင်ပေါင်းဇီ ကို ဖမ်းမိလိုက်တယ်။ ပြောရရင် တချိန်လုံး ရှောင်ပေါင်းဇီ ရဲ့ နာနီလည်းတလဲလဲ ဖြစ်ခဲ့ဖူးတယ် ဒါ့ကြောင့် ရှောင်ပေါင်းဇီ အားဒိုင်းနဲ့အရမ်းရင်းနှီးနေတာဖြစ်တယ်။ တကယ်ပြောရရင် ရှောင်ပေါင်းဇီ အားဒိုင်ကို အနိုင်ကျင့်နေတာ အလွန်အမင်းကျွမ်းကျင်နေပြီ။

အားဒိုင် ပွေ့ဖက်လိုက်သည်နှင့် ကျွမ်းကျွမ်းကျင်ကျင် အားဒိုင်ရဲ့ ရင်ခွင်ထဲ ရောက်ရှိသွားတယ်။ ရှောင်ပေါင်းဇီ ဝင်ပါသည့် အခိုက်အတန့် လေထု ပိုပြီး သက်သာရာသွားပြီး ကျန်သည့် လူများ အားဒိုင်ကိုလက်ခံလိုက်ကြတယ်။

ရှောင်ချင်း သက်သာရာရစွာအသက်ရှူထုတ်လိုက်ပြီး ကြင်နာစွာ ကြည့်နေသည့် အနောက်၌ မတ်တပ်ရပ်နေသည့် ရန်ဟန်ချင်းဆီ ခေါင်းလှည့်ကြည့်တယ် "မင်း ပြန်ရောက်ပြီ"

ရှောင်ချင်း ပြန်ဖြေဖို့ ပြန်ချိန် အရှေ့၌ အရိပ်တစ်ခု ကျရောက်လာသည်။ အားဒိုင် သူ့အစားကို ကာကွယ်နေဟန် ရန်ဟန်ချင်းကို ခက်ထန်စွာ ကြည့်ပြီး သူမအရှေ့မတ်တပ်ရပ်နေတာ မြင်ရတယ်။

***